# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

၁၃၃၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်။
(၁၉၇၁ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၅ ရက်။)

အောက်ဖေါ်ပြပါ ဥပဒေကို ထုတ်ပြန်ကြေညာသည်။

## ၁၉၇၁ ခုနှစ်၊ ပုံနှိပ်သူများနှင့်ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၇၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၇၁ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင် ဥပဒေကိုပြင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင်အဆိုပါဥပဒေဟုရည်ညွှန်းသည့် ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့်ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေပုဒ်မ ၁၊ပုဒ်မခွဲ(၂)၌''သတင်းစာဟူသရွေ့'' ဆိုသည့်စကားရပ်အစား ''သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းဟူသရွေ့'' ဆိုသည့်စကားရပ်ကိုင်း၊ ''ထိုသတင်းစာပုံနှိပ်ရာ'' ဆိုသည့် စကားရပ် အစား ''ထိုသတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း ပုံနှိပ်ရာ'' ဆိုသည့်စကားရပ်ကိုင်း ထည့်သွင်းရမည်။

၃။ ။အဆိုပါဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (၁) ၌''သတင်းစာနှင့်'' ဆိုသည့် စကားရပ်အစား ''သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့်'' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၄။ ။အဆိုပါဥပဒေပုဒ်မ ၅ တွင်—

(က) ပုဒ်မခွဲ(၁)၌ ''ပြန်ကြားရေးဌာန'' ဆိုသည့် စကားရပ်အစား ''ပြည်ထဲရေးဝန်ကြီးဌာန'' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ (၂) ၌''ပြန်ကြားရေးဌာနတာဝန်ခံ'' ဆိုသည့်စကားရပ်အစား ''ပြည်ထဲရေးဌာန ဝန်ကြီး'' ဆိုသည့်စကားရပ်ကို ထည့်သွင်း ရမည်။

၅။ အဆိုပါဥပဒေပုဒ်မ ၁၂ ၌ ''စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း'' ဆိုသည့် စကားရပ်ပါရှိသည့် နေရာတိုင်းတွင်၊ ထိုစကားရပ် အစား ''သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း'' ဆိုသည့် စကားရပ်ကိုထည့်သွင်းရမည်။

၆။ အဆိုပါဥပဒေပုဒ်မ ၂၁ ၌ ''ပြန်ကြားရေးဌာနတာဝန်ခံ'' ဆိုသည့် စကားရပ်အစား ''ပြည်ထဲရေးဌာနဝန်ကြီး'' ဆိုသည့်စကားရပ်ကို၎င်း၊ ''အဆိုပါဌာနတာဝန်ခံ'' ဆိုသည့်စကားရပ်အစား ''ပြည်ထဲရေးဌာနဝန်ကြီး'' ဆိုသည့် စကားရပ်ကို၎င်း ထည့်သွင်းရမည်။

(ပုံ) ဗိုလ်နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်။
(၁၉၇၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်။)

အမိန့်အရ၊

(ပုံ) ဗိုလ်မှူးကြီးကိုကို၊
အတွင်းဝန်၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။